“ဝ”အမျိုးသားပါတီ

# PA TI CEU PUI VAX
# WA NATIONAL PARTY

၏

# အခြေခံစည်းမျဉ်း နှင့် ဖွဲ့စည်းပုံ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| | **အခန်း(၁)** | |
| ၂။ | အဓိပ္ပါယ်ဖွင့်ဆိုချက် | ၃ |
| | **အခန်း(၂)** | |
| ၃။ | ပါတီ၏ အမည် နှင့် အဆောင်အယောင်များ | ၃ |
| ၄။ | အလံ | ၄ |
| ၅။ | အထိမ်းအမှတ်တံဆိပ် | ၆ |
| ၆။ | ရုံးတံဆိပ် | ၇ |
| | **အခန်း(၃)** | |
| ၇။ | ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ | ၈ |
| ၈။ | ပါတီ၏ မူဝါဒ သဘောထားများ | ၁၅ |
| | **အခန်း(၄)** | |
| ၉။ | ပါတီဝင်၏အရည်အချင်း၊ပါတီဝင်ဖြစ်ခြင်း၊ပါတီဝင်မှ နုတ်ထွက်ခြင်း၊ ပါတီဝင်အဖြစ်မှ အဆင့်လျှော့ချခြင်း၊ ပါတီတာဝန်မှ ရုပ်သိမ်းခြင်း နှင့် ထုတ်ပယ်ခြင်း | ၁၅ |
| ၁၀။ | ပါတီဝင် ၏ အရည်အချင်း | ၁၅ |
| ၁၁။ | ပါတီဝင်ဖြစ်ခြင်း | ၁၇ |
| ၁၂။ | ပါတီဝင်မှ နုတ်ထွက်ခြင်း | ၁၇ |
| ၁၃။ | ပါတီစည်းကမ်းအရ အရေးယူခြင်း | ၁၈ |

## အခန်း(၅)

၁၄။ ပါတီဝင်တိုင်း၏ ပိုင်ခွင့်များ ၁၉

## အခန်း(၆)

၁၅။ ပါတီဝင်တိုင်း စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းများ ၂၀

## အခန်း(၇)

၁၆။ ပါတီဖွဲ့စည်းတည်ဆောက်ပုံ ၂၆

၁၇။ ပါတီညီလာခံ ၂၇

၁၈။ နာယက ၂၉

၁၉။ ပါတီဗဟိုကော်မတီ ၃၀

၂၀။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ ၃၂

၂၁။ ပါတီဗဟိုခွဲ(သို့မဟုတ်) မြို့နယ်စုပါတီကော်မတီ ၃၄

၂၂။ မြို့နယ်ပါတီကော်မတီ ၃၅

၂၃။ ရပ်ကွက်/ကျေးရွာအုပ်စုပါတီကော်မတီ ၃၆

၂၄။ ပါတီအတိုင်ပင်ခံအဖွဲ့ ၃၇

၂၅။ ပါတီဖွဲ့စည်းပုံဇယား ၃၈

## အခန်း (၈)

၂၆။ ပါတီ၏ လူငယ်အဖွဲ့အစည်း ၃၈

## အခန်း (၉)

၂၇။ ပါတီ၏ လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် လုပ်ပိုင်ခွင့်များ ၃၉

## အခန်း (၁၀)

၂၈။ ပါတီဝင်များအား ချီးမြှောက်ခြင်း ၃၉

## အခန်း (၁၁)


၂၉။ ပါတီဝင်ကြေး နှင့် လစဉ်ကြေး ၃၉


## အခန်း (၁၂)


၃၀။ အရေးယူခြင်း၊ အပြစ်ပေးခြင်း နှင့် အယူခံခြင်း ၄၀


## အခန်း (၁၃)


၃၁။ ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ခြင်း ၄၂

၃၂။ အထွေထွေ ၄၂

၃၃။ ‘ဝ’အမျိုးသား ပါတီဖွဲ့စည်းပုံဇယား ၄၃

၃၄။ နောက်ဆက်တွဲများ ၄၄

၃၅။ မြို့နယ်ပါတီအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်များ နှင့် လုပ်ပိုင်ခွင့်များ ၄၅

၃၆။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏တာဝန်များနှင့် လုပ်ပိုင်ခွင့်များ ၄၆

၃၇။ ပါတီဗဟိုကော်မတီ၏တာဝန်များနှင့် လုပ်ပိုင်ခွင့်များ ၄၈

၃၈။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ၏ တာဝန် များ နှင့်လုပ်ပိုင်ခွင့်များ ၅၀

၃၉။ ပါတီအထွေထွေအတွင်းရေးမှူး ၏ တာဝန်ရှိုးများနှင့် လုပ်ပိုင်ခွင့်များ ၅၁

နိဒါန်း

၁။ ကမ္ဘာလူသားအပေါင်းတို့သည် အခြေခံအားဖြင့် မွေးရာပါ လူ့အခွင့်အရေးများအပြည့်အဝ နှင့် တန်းတူရည်တူ ရရှိခံစားခွင့်ရှိရပေသည်။ လူသားတို့၏ လူ့ဘဝ၊ လူ့ဂုဏ်သိက္ခာ နှင့် လူ့တန်ဘိုးကို အလေးထား အသိအမှတ်ပြုရပေသည်။ လူသားတို့သည် အပေါင်းအသင်း၊ အဖွဲ့အစည်း နှင့် နေတတ်ကြသော သတ္တဝါမျိုးဖြစ်ကြသကဲ့သို့ အပြန်အလှန်အကျိုးကျေးဇူးပြုပြီး နေထိုင် တတ်ကြသော သတ္တဝါလည်း ဖြစ်ကြပေသည်။ ဤကမ္ဘာကြီးပေါ်မှာ လူသားတို့သာမရှိခဲ့လျှင် ကမ္ဘာမြေကြီး နှင့် စကြဝဠာတစ်ခုလုံးတို့သည် တန်ဖိုးမဲ့၊ အဓိပ္ပါယ်မဲ့ ဖြစ်ကုန်ကြတော့မည်ဖြစ်ပေသည်။ ထို့ကြောင့် လူသားတို့သည် အရာရာတို့ကို အဆုံးအဖြတ် ပေးသည့် လူသတ္တဝါမျိုး ဖြစ်ပေသည်။

၂။ ကမ္ဘာ့နိုင်ငံ အသီးသီးတို့သည် ကမ္ဘာလုံးမိုးပိုင်ရာ နိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည့် အလျောက် ကမ္ဘာ့ရေးရာ ပြဿနာများ၊ စီးပွားရေးကိစ္စရပ်များ နှင့် ကမ္ဘာ့မိသားစုရေးရာများသည်လည်း ဆက်နွယ်ပတ်သက်လျက်ရှိကြပြီး အပြန်အလှန် အကျိုးပြု ကျေးဇူးရှိကြလျက် ရှိပေသည်။ သီးခြားကင်းလွတ်၍ မရပ်တည်နိုင်ပေ။

၃။ ဤပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်လျက်ရှိကြကုန်သော တိုင်းရင်းသား လူမျိုးများ နှင့် လူမျိုးစုများတို့သည် တစ်အူတုံဆင်း၊ တစ်ဘိုးတစ်ဘွားထဲမှ ဆင်းသက်လာကြသော တစ်မြေထဲနေ၊ တစ်ရေထဲသောက်၊ တစ်လေထဲ ရှုရှိုက်နေကြသော ညီရင်းအစ်ကိုများဖြစ်ကြသကဲ့သို့ အဆင့်အတန်း ညီမျှခွင့်၊ အခွင့်အလန်းမျှတခွင့် နှင့် တရားဥပဒေအရာတွင် တန်းတူညီမျှခံစားခွင့် စသည့် အခွင့်အရေး၊ အခွင့်အလမ်း

များ ညီတူညီမျှ ခံစားခွင့်၊ ခံစားပိုင်ခွင့် ရှိအပ်ပေသည်။ သမိုင်းပညာရှင်တစ်ဦး၏ အဆိုအရ "အကြင်နိုင်ငံတစ်ခုအတွင်း၌ လူမျိုးစု အချင်းချင်း တန်းတူညီမျှသော ဆက်ဆံရေးကို မတည်ဆောက်နိုင်သေးသ၍ ကာလပတ်လုံး၊ လူမျိုးစုတိုင်း၏ မိမိကြွမ်မှာ၊ မိမိဘာသာ၊ ဖန်တီးစီရင်ပိုင်ခွင့်ကို လက်ခံကျင့်သုံးခြင်း၊ မပြုနိုင်သေးသ၍ ကာလပတ်လုံး ထိုပဋိပက္ခတရားများသည် ထိုနိုင်ငံ ၏ ကြမ္မာကို ဖန်တီးမြဲ ဖန်တီးနေလိမ့်ဦးမည် ဖြစ်သည်" ဟု ဆိုစမှတ်ပြုခဲ့ပေသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်နေထိုင်ကြကုန်သော တိုင်းရင်းသား၊ နိုင်ငံသားတို့၏ မွေးရာပါ အခွင့်အရေးများ၊ အခွင့်အလန်းများ နှင့် အခြေခံလူ့အခွင့်အရေးများ၊ တန်းတူညီမျှစွာ ရရှိခံစားခွင့်ရရှိ ရန် ဒီမိုကရေစီကျင့်စဉ် နှင့် အညီ ၊ စနစ်တကျ ကျင့်သုံးပြီး နိုင်ငံတော်ကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာစိုပြေဝပြောသော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး တက်ညီ၊ လက်ညီ ပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်သွားမည် ဖြစ်ပါသည်။

၅။ ထိုကဲ့သို့သော လုပ်ဆောင်ချက်တွင် တိုင်းရင်းသားအပါအဝင်ဖြစ်သော 'ဝ'နယ်ဒေသအတွင်းရှိ 'ဝ'တိုင်းရင်းသားထုများ နှင့် မြန်မာနိုင်ငံအတွင်း အနှံ့အပြား နေထိုင်လျက်ရှိကြသော အင်အားများကို စုစည်းသိမ်းသွင်းပြီး နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ကဲ့သို့ အင်အားကြီးကစ်ခု ရရှိရန် 'ဝ'အမျိုးသားပါတီကို ဖြူစင်သန့်ရှင်းသော စိတ်ဓါတ်ဖြင့် တည်ထောင်ရခြင်း ဖြစ်ပါသည်။

## အခန်း (၁)
## အဓိပ္ပါယ်ဖွင့်ဆိုချက်

၆။ ဤပါတီ၏ အခြေခံ စည်းမျဉ်း နှင့် ဖွဲ့စည်းပုံတွင် သုံးနှုန်းထားသော အောက်ပါစကားရပ်များကို တွဲဖက်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

(က) " 'ဝ'အမျိုးသားပါတီ" ဟူသော စကားရပ်တွင် နယ်မြေဒေသအတွင်း နှင့် မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော 'ဝ'တိုင်းရင်းသားလူမျိုးအားလုံးကို ခြုံငုံ၍ ခေါ်ဆိုထားခြင်း ဖြစ်သည်။

( ခ) "ပါတီဝင်" ဆိုသည့် စကားရပ်မှာ ဤပါတီ ၏ မူဝါဒသဘောတရားကို ယုံကြည်လက်ခံပြီး ၊ ပါတီဝင်ကတ်ပြားရရှိထားသူများ ဖြစ်သည်။

## အခန်း(၂)
## ပါတီ၏ အမည် နှင့် အဆောင်အယောင်များ

၇။ ဤပါတီ၏ အမည်သည် " 'ဝ'အမျိုးသားပါတီ"ဖြစ်သည်။'ဝ'ဘာသာဖြင့် PA TI CEU PWI VAX ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် WA NATIONAL PARTY. (W.N.P) ဖြစ်သည်။

## အလံ

၈။ ဤပါတီ၏ အလံသည် အောက်တွင် ဖော်ပြပါ ပုံစံအတိုင်း ဖြစ်သည်။

လေးထောင့်ပုံ အလျား ၅' ပေ ၊ အနံ ၃' ပေ ရှိပြီး အလျားလိုက် အပေါ်ပိုင်းတွင် အစိမ်းနုရောင်၊ အလယ်တွင် အပြာနုရောင် နှင့် အောက်ပိုင်းတွင် အနီရောင်တို့ဖြင့် ခြယ်ထားသည်။

ယင်း၏ အလယ်ဗဟို အပြာရောင်ကို အခြေခံပြီး လွေမူးတောင် နှင့် တောင်၏ အလယ်ထိပ်တွင် ကြယ်ဖြူကြီးတစ်လုံးရှိသည်။



၉။ အလံ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အစိမ်းနုရောင် သည် စိမ်းလန်းစိုပြေခြင်း၊ သာယာပျော်မွေ့ ဘွယ်ရာကောင်းခြင်း၊ အေးချမ်းတည်ငြိမ်ခြင်းတို့ကို ဖော်ညွှန်းသည်။

( ခ) အပြာရောင်သည် သစ္စာရှိခြင်း၊ ဂတိတည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ကြည်လင်အေးမြခြင်း တို့ကို ဖော်ဆောင်သည်။

(ဂ) အနီရောင်သည် ရဲရင့်ခြင်း၊ သူရသတ္တိရှိခြင်း၊ နိုးကြား တက်ကြွခြင်း၊ ဇွဲလုံ့လဝီရိယရှိခြင်းတို့ကို ဖော်ညွှန်းသည်။

(ဃ) အလံ၏ အလျားလိုက် အလယ်ဗဟိုအပြာရောင်ပေါ်မှာ ရှိသော လွေမှူးတောင် သည် ရှေး 'ဝ'ဘိုးဘေးတို့က 'ဝ'နယ် ဒေသတစ်ခွင်၊ တနံတလျား၌ ဖြစ်ပေါ်လာသော ပြဿနာ ကြီးငယ်များကို ဤတောင်ခြေတွင် လာရောက်စုစည်း၍ ဖြေရှင်းကြခြင်းအားဖြင့် ပြဿနာမျိုးစုံပြေလည်ငြိမ်းချမ်း သွားစေသော နေရာထူးနေရာမြတ်တစ်ခု ဖြစ်၍ အမြတ် တနိုး၊ တန်ဖိုးထားသောတောင် ဖြစ်သည်ကို ဖော်ညွှန်းထား သည်။

(င) လွေမှူးတောင်၏ အလယ်ထိပ်တွင် ပါရှိသော ကြယ်ဖြူကြီး တစ်လုံးသည် 'ဝ'တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသော ဖြူစင်သန့်ရှင်း၊ ပွင့်လင်းသော မနောစိတ်ဓာတ်ဖြင့် စည်းလုံး ညီညွတ်စွာ ၊ တစ်စုတစ်စည်း၊ တစ်စိတ်တစ်ဝမ်းတည်းရှိခြင်း၊ အေးချမ်းတည်ငြိမ်စွာ နေထိုင်တတ်သော ဓလေ့ လက္ခဏာ ရှိခြင်းတို့ကို ဖော်ဆောင်သည်။

## အထိမ်းအမှတ်တံဆိပ်

၁၀။ ဤပါတီ ၏ အထိမ်းအမှတ်တံဆိပ် သည် အောက်ပါပုံစံအတိုင်း ဖြစ်သည်။

(က) လွှမူးတောင် နှင့် ဂင်း၏ တောင်အလယ်ထိပ်တွင် ရှိသော ကြယ်ဖြူကြီးတစ်လုံး ကို အောက်က ပင့်ထူထားသော ကျွဲချိုကြီး ရှိသည်။

( ခ) အဝိုင်း၏ အနီကွက် ပတ်လည်တွင် မြန်မာဘာသာဖြင့် 'ဝ'အမျိုးသားပါတီ၊ 'ဂ'ဘာသာဖြင့် PATI CEU PUI VAX နှင့် အင်္ဂလိပ်ဘာသာဖြင့် WA NATIONAL PARTY ဟူသော စာသားများဖြင့် ရေးသားပြီး ထိုစာသား တစ်ခုစီ၏ အကြားတွင် ကြယ်ဖြူတစ်ပွင့် စီထည့်ထားသည်။


( ဂ) လွှမူးတောင်၊ ကြယ်ဖြူကြီး နှင့် အောက်ပိုင်းအဝိုင်းအကြား ကွက်လက်ကွင် အင်္ဂလိပ်ဘာသာဖြင့် W.N.P ဟူသော စာရေးသားထားသည်။

(ဃ) ကျွဲချို သည် 'ဝ'တိုင်းရင်းသားလူမျိုးတို့၏ အထွတ်အမြတ် သင်္ကေတတစ်ခု ဖြစ်သည်။ အရေးကြီးသည့် အချိန် အခါမျိုးမှာ တစ်မျိုးသားလုံးအတွက် ဘေးအန္တရာယ်

ဖြစ်နိုင် ၊ မဖြစ်နိုင်၊ ရှိနိုင် မရှိနိုင်တို့ကို ကြိုတင်ခန့်မှန်း သိရှိနိုင်ရန်၊ သတ်မှတ်ထားသော အရည်အသွေးရှိကွဲကို သတ်ခြင်းအားဖြင့် နိမိတ်လက္ခဏာတစ်ခု ရယူသိရှိနိုင်ခြင်း ကြောင့် တန်ဖိုးထားရခြင်း ဖြစ်သည်။

## ရုံးတံဆိပ်

၁၁။ ဤပါတီ၏ ရုံးသုံးတံဆိပ်သည် အောက်ပါပုံစံအတိုင်း ဖြစ်သည်။




(က) အဝိုင်း၏ အချင်းနှစ်လက်မရှိပုံစံဖြစ်သည်။

(ခ) အဝိုင်း၏ အပေါ်ထက်ဝက်ပိုင်းတွင် 'ဝ'ဘာသာဖြင့် NUM TING PA TI CEU PUI VAX, VENG HOPANG စာသား နှင့် အောက်ပိုင်းအခြမ်းတွင် မြန်မာဘာသာဖြင့် 'ဝ'အမျိုးသားပါတီဌာနချုပ်၊ ဟိုပန်မြို့ ဟူသော စာသားများ ရေးသားထားသည်။

(ဂ) အဝိုင်း၏ အတွင်းပိုင်းဗဟိုတွင် စာအမှတ် နှင့် ရက်စွဲ ဟူသော စာသားများ ရေးထားသည်။

(ဃ) အဝိုင်း၏ အချင်းတစ်ဖက်တစ်ချက်တွင် ကြယ်ဖြူငယ် တစ်ခုစီ ဖော်ပြထားသည်။

၁၂။ ပါတီ၏ အထိမ်းအမှတ်တံဆိပ် နှင့် ရုံးတံဆိပ်များအသုံးပြုပုံပြုနည်းကို ဗဟိုကော်မတီက လိုအပ်သလို အသေးစိတ် ညွှန်ကြားချက် ထုတ်ပြန်ရမည်။

## အခန်း(၃)
## ရည်ရွယ်ချက်များ နှင့် လုပ်ငန်းစဉ်များ

၁၃။ ပါတီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

( ခ) နိုင်ငံသားတိုင်း၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ဂုဏ်သိက္ခာရေးဆိုင်ရာ လုံခြုံမှုနှင့် နယ်မြေဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် စည်းရုံးရေးလုပ်ငန်းများ၌ ညီတူညီမျှ ရရှိခံစားရရေး ဆောင်ရွက်ရန်။

( ဂ) တစ်မျိုးသားလုံး၏ လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးအတွက် ပုဂ္ဂလိက လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားရန် နှင့် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ ကျန်ရစ်ခဲ့သော 'ဝ'ဒေသ နှင့် အခြားဒေသများ၏ လူနေမှု အဆင့်အတန်းများဖွံ့ဖြိုးတိုးတက်အောင် အလေးထား ဆောင်ရွက်သွားရန်။

(ဃ) ‘ဝ’တိုင်းရင်းသားလူမျိုးစု ၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးထမ်းအစဉ်အလာများ နှင့် အနုပညာများ ဖွံ့ဖြိုးတိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်ပေးသွားရန်။

(င) နိုင်ငံတော် နှင့် နယ်မြေဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများမှ အကျိုးရှိမည့် အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်များကို နိုင်ငံတော်၏ ရေ၊ မြေ၊ တောတောင်သဘာဝ၊ ရာသီဥတု အခြေအနေ နှင့် ဆီလျော်စပ်ဟပ်မှု ရှိအောင် ရယူကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) အမျိုးသား ပြန်လည်သင့်မြတ်ရေး နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် တည်ဆောက်ရာတွင် ‘ဝ’တိုင်းရင်းသားထု၏ စည်းလုံးညီညွတ်သော အားအင်ကို ရယူပါဝင်ရန်။

(ဆ) နိုင်ငံတော်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာဝပြောပြီး တရားဥပဒေစိုးမိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရာ၌ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်သောအားကို ရယူဖော်ဆောင်ရန်။

(ဇ) တိုင်းရင်းသားပြည်သူများ နှစ်သက်မျှော်ကိုး လိုလားတောင့်တကြသည့် အခြေခံ လူ့အခွင့်အရေးများ အာမခံ

မည့် စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ဖြစ်ထွန်းလာရန် တိုင်းရင်းသားများ၏ အားကို ရယူ ဆောင်ရွက်သွားရန်။

(ဈ) 'ဝ'နယ်ဒေသအတွင်းရှိ တိုင်းရင်းသား လူမျိုးများ နိုင်ငံရေး လူမှုရေးဘဝလုပ်ငန်းများတွင် ပါဝင်သော ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အခြားနယ်ဒေသများကဲ့သို့ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရန်။

၁၄။ ဤပါတီ၏ လုပ်ငန်းစဉ်များဆိုင်ရာ သဘောထားများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် 'ဝ'နယ်ဒေသ အတွင်းရှိ နယ်သူနယ်သားများအားနိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင်ရှိလာစေ ရန် နှင့် မိမိတို့နိုင်ငံရေး ပါတီ၏ ဂုဏ်သိက္ခာ အစဉ်အမြဲ တိုးတက်ရှင်သန်မြင့်မားလာစေရန် စည်းရုံးရေးလှုပ်ရှားမှုမြှုပ် ပျိုးထောင်သွားမည်။

( ခ) မိမိတို့ ပါတီသည် ရည်ရွယ်ချက်၊ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ် အမြော်အမြင်ချင်းတူညီသော မည်သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းများ နှင့်မဆို၊ တန်းတူညီတူ၊ ရင်းနှီးပွင့်လင်းစွာဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်း ခြင်း၊ မဟာမိတ်ဖွဲ့ခြင်းများ ပြုလုပ်သွားမည်။

(ဂ) တိုင်းရင်းသားပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများနှင့် နယ်မြေဒေသတိုးတက်ရေး၊ လူသားများကို ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက် စနစ်ကို စွန့်လွှတ်ပြီး တရားမျှတခြင်း၊ ညီမျှခြင်းရှိသော ငြိမ်းချမ်းသောဒီမိုကရေစီ ကျင့်စဉ် ဥပဒေဘောင်အတွင်း မှန်ကန်စွာ အဖြေရှာစည်းရုံးသိမ်းသွင်းသွားမည်။

(ဃ) လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးမူဝါဒ၊ ဘက်မလိုက်ရေးမူဝါဒ ကို ကျင့်သုံး၍ နိုင်ငံတကာ နှင့် ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူများ၊ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ၏ ပဋိညာဉ်များတို့ကို တိုင်းရင်းသားများ နားလည်သိရှိ သဘောပေါက်စေရန် စည်းရုံးသွားမည်။

(င) ‘ဝ’နယ်ဒေသတွင် ရေမြေသဘာဝရာသီဥတုအရ စိုက်ပျိုးပင်များတွင် ဘိန်းပင် များသည် ကုန်ကျစရိတ် အနည်းဆုံးဖြင့် အကျိုးအမြတ်များစွာ ရရှိသော အရာ တစ်ခုဖြစ်၍ ၊ ဘိုးဘေးဘီဘင်တို့က သဘာဝကြီးက ပေးသော ဆုလာဘ်ကြီး ကဲ့သို့ ခံယူပြီးစိုက်ခဲ့ကြသော်လည်း ၊ ယခုအချိန်တွင် မကောင်းမှန်းသိလာ၍ ဘိန်းပင်တစ်ပင်မျှ မရှိတော့ဘဲ ၊ ကျန်မူးယစ်ဆေးဝါးများ လျော့နည်းပပျောက်အောင် ဆိုင်ရာနှင့် ပူးပေါင်းပြီး တိုက်ဖျက်လျက်ရှိနေပါသည်။ အခြားတစ်ဖက် တွင် အထွက်နှုန်းကောင်းပြီး ဈေးကွက်ကောင်းသောသီးနှံများကို ရေမြေရာသီဥတု သဘာဝ နှင့် လိုက်လျောညီထွေမှုရှိသော အပင်များကို နှစ်တိုနှစ်ရှည် နည်းဖြင့်

ခေတ်မီယန္တရား စက်များဖြင့် စိုက်ပျိုးလာအောင် စည်းရုံး လုပ်ဆောင်သွားမည်။

(စ) ဒေသအတွင်းရှိ မြေအောက်သယံဇာတ သတ္တုများကို ဒေသ နည်းဖြင့် တစ်မျိုး၊ စက်ယန္တရားများဖြင့် ထုတ်လုပ်ခြင်း ဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် အကျိုးရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

(ဆ) 'ဝ'တိုင်းရင်းသားတို့သည် သမိုင်းအစဉ်အလာရှိသည့် အလျောက် သမိုင်းအထောက်အထား အခိုင်အမာရှိသော လူမျိုးတစ်မျိုးဖြစ်သဖြင့် ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် ၏ အရည်အချင်း၊ အင်္ဂါရပ်များ နှင့် ညီညွတ်မှု ရှိသည့် အတွက် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဆက်စပ်နေထိုင် လျက်ရှိကြသော 'ဝ'တိုင်းရင်းသားဒေသများကို 'ဝ'ပြည်နယ် အဖြစ် အသိအမှတ်ပြုပေးနိုင်ပါရန် ဆောင်ရွက်သွားမည်။

(ဇ) နိုင်ငံတော် က အမျိုးသား ပြန်လည်သင့်မြတ်ရေး နှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နေသော အချိန်အခါ သမယမျိုးတွင် အောင်မြင်မှု ရရှိရေးအတွက် 'ဝ'တိုင်းရင်း သား/သူများ၏ စည်းလုံးညီညွတ်သော အင်အားဖြင့် ပါဝင် ကြိုးစားဆောင်ရွက်သွားမည်။

(ဈ) နိုင်ငံတော်နှင့် နယ်မြေဒေသအတွင်း ဆင်းရဲချမ်းသာမရွေး လူတိုင်း လုံလောက်သော ခေတ်မီ နည်းစနစ်ဖြင့် ဆေးဝါး ကုသခွင့် ရရှိနိုင်ရေး ဆောင်ရွက်သွားမည်။

(ည) တိုင်းရင်းသား၊ နိုင်ငံသားတိုင်း အခြေခံ မူလတန်းကျောင်းပညာ မသင်မနေရ၊ အခမဲ့ သင်ကြားနိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိသည်ကို အောင်မြင်ဖြစ်မြောက်အောင် ကူညီပံ့ပိုးသွားရန်။

(ဋ) တိုင်းရင်းသားလူမျိုးတို့သည် ပြည်ထောင်စုစိတ်ဓါတ် မွေးမြူလျက် စည်းလုံးညီညွတ်စွာ အတူတကွ ယှဉ်တွဲနေထိုင်ရေး၊ အချင်းချင်း အပြန်အလှန် လေးစားချစ်ကြည်ရေး၊ ရိုင်းပင်းကူညီရေး၊ အေးအတူ ပူအမျှ ၊ ဥမကွဲ သိုက်မပျက် ၊ ပေါင်းသင်းဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုအစဉ်အလာကောင်းများဖြစ်ထွန်းတိုးတက်တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဌ) တိုင်းရင်းသားတိုင်း မိမိတို့၏ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးထမ်းအစဉ်အလာများ၊ အနုပညာများ၊ တိုးတက်ဖွံ့ဖြိုး၊ ဆန်းသစ်၊ ရှင်သန်လာအောင် ဖော်ထုတ် ပြုစုပျိုးထောင်ခြင်း ၊ လူမျိုးနွယ်စုများ၏ အစဉ်အလာသမိုင်းများ၊ စုဆောင်း ဖော်ထုတ်ခြင်း၊ မှတ်တမ်းများ ထိန်းသိမ်းခြင်း နှင့် ဒေသအလိုက် တိုင်းရင်းသား လူမျိုးများ၏ စာပေသင်ကြားခြင်း များ ဆောင်ရွက်နိုင်ရန် ကူညီပေးသွားမည်။

(ဍ) တိုင်းရင်းသား လူမျိုးများ မိမိတို့ နှစ်သက်ရာ ယုံကြည်ကိုးကွယ်သည့် ဘာသာတရားများကို လွတ်လပ်စွာ ယုံကြည်

ကိုးကွယ်ခွင့် နှင့် ဘုရားကျောင်းကန်များ ဆောက်တည်ပိုင်ခွင့်များ ရရှိစေရန် အားပေး ကူညီသွားမည်။ သို့သော် နိုင်ငံရေး အလို့ငှာ ဘာသာရေးကို ခုတုံးလုပ် အသုံးချခြင်း ရှောင်ကြဉ်ရမည်။

(ဃ) နယ်မြေဒေသအတွင်း စီးပွားရေး လုပ်ငန်းရှင်များ၊ ပြင်ပစီးပွားရေးပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ စုပေါင်းအသင်းအဖွဲ့များတို့၏ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှု ပြုစေရန် နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပိုမိုတိုးချဲ့ လုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏ အသုံးစရိတ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံ ကျခံသုံးစွဲနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်။

(င) 'ဂ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကိုင်းအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ၊ များစွာ မွေးထုတ်နိုင်ရေးအတွက် လူငယ်များအား အခြေခံ ပညာအဆင့် မှ အဆင့်မြင့်ပညာအထိ ဆည်းပူးသင်ယူနိုင်သော အခွင့်အရေး အခွင့်အလန်းများ ရရှိရေးအတွက် အခြေခံအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း၊ စက်မှု၊ လက်မှု ကျောင်းများ၊ ကောလိပ်ကျောင်းများနှင့် တက္ကသိုလ်ကျောင်းကြီးများအထိ ဖွင့်လှစ်သင်ကြားနိုင်ရန် အစွမ်းကုန် ကူညီဆောင်ရွက်သွားမည်။

(တ) ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများ နှင့် အရွယ်ရောက်လူငယ်များ အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်နိုင်ရေး အတွက် စည်းရုံး လှုံ့ဆော်သွားမည်။

(ထ) နယ်မြေဒေသအတွင်း လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်၊ စီးပွားရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ မယုံကြည်ဘဲ နေပိုင်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့် ရရှိအောင် ဆောင်ရွက်သွားမည်။

**၁၅။ ပါတီ၏ မူဝါဒသဘောထားများ**

ပါတီ၏ မူဝါဒ သဘောတရားသည် ဆိုရှယ် ဒီမိုကရက်တစ်ဇီယမ် (Social Demo Cratism) ဖြစ်သည်။ ဤဝါဒ မှာ လက်ဝဲလက်ယာအစွန်း နှစ်ဖက် သွေဖီမှုဝါဒ သဘောတရားကို ရှောင်ရှား၍ မိမိတို့၏ နိုင်ငံ အခြေအနေ ၊ ရေမြေသဘာဝ၊ ရာသီဥတု ထုံးတမ်းစဉ်လာယဉ်ကျေးမှု ပကတိဖြစ်ရပ်မှန် အခြေအနေများ နှင့် လိုက်လျောညီထွေမှု ရှိအောင် ရယူကျင့်သုံးအပ် သော ဝါဒသဘောတရားဖြစ်သည်။

## အခန်း(၄)

**ပါတီဝင်၏အရည်အချင်း၊ ပါတီဝင်ဖြစ်ခြင်း၊ ပါတီဝင်မှ နှုတ်ထွက်ခြင်း၊ ပါတီဝင်အဖြစ်မှ အဆင့်လျှော့ချခြင်း၊ ပါတီ တာဝန်မှ ရပ်သိမ်းခြင်း နှင့် ထုတ်ပယ်ခြင်း**

**ပါတီဝင်၏ အရည်အချင်းများ**

၁၆။ အောက်ပါ အရည်အချင်း ကန့်သတ်ချက်များ နှင့် ပြည့်စုံလျှင်

အမျိုးသားအမျိုးသမီး၊ တိုင်းရင်းသားလူမျိုး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာ မရွေး ပါဝင်နိုင်မည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသား၊ နိုင်ငံသား ဖြစ်ရမည်။

(ခ) အသက်(၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) ပါတီလမ်းစဉ် မူဝါဒ သဘောတရားများကို ကျေညက်စွာ လေ့လာပြီး ၊ နားလည်သဘောပေါက် လက်ခံယုံကြည်သူ ဖြစ်ရမည်။

(ဃ) ပါတီ၏ မူဝါဒလမ်းစဉ်၊ စည်းကမ်းများကို လက်တွေ့ကျကျ လက်ခံကျင့်သုံးပြီး ကိုယ်ကျိုးစွန့်နိုင်သူ ဖြစ်ရမည်။

( င) အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။

( စ) အခြားပါတီ တစ်ရပ်ရပ်တွင် ပါဝင်သူ မဖြစ်စေရ။

(ဆ) [illegible]

( ဇ) စိတ်ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။

( ဈ) သတ်မှတ်ထားသော ပါတီဝင်ကြေး၊ လစဉ်ကြေးများကို ကျေပွန်စွာ ထမ်းဆောင်သူဖြစ်ရမည်။

(ည) အများအကျိုး လိုလားသူဖြစ်ရမည်။

(ဋ) နိုင်ငံတော် နှင့် ပါတီအပေါ် သစ္စာရှိသူဖြစ်ရမည်။

(ဌ) ပေးအပ်သော ပါတီတာဝန်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

## ပါတီဝင်ဖြစ်ခြင်း

၁၇။ ပါတီဝင်လိုသူတစ်ဦးသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် လိုအပ်သည့် အချက်အလက်များ ဖြည့်စွက်ရေးသား၍ သက်ဆိုင်ရာ မြို့နယ်ပါတီ ကော်မတီသို့ တင်သွင်းရမည်။

( ခ) မြို့နယ်ပါတီ ကော်မတီက တင်သွင်းမှုများကို သတ်မှတ် အရည်အချင်း နှင့် ဆက်စပ်တိုက်ဆိုင်စိစစ်ပြီး ပါတီဝင် စိစစ်ရေးကတ်ပြား ထုတ်ပေးရမည်။

( ဂ) ပါတီဝင် အဖြစ် စိစစ်လက်ခံသည့် ပါတီဝင်အမည်စာရင်း များကိုဗဟိုကော်မတီဌာနချုပ်သို့ ပေးပို့ အတည်ပြုချက် ရယူရမည်။

(ဃ) ပါတီဝင်တစ်ဦး၏ သက်တမ်း သည် လျှောက်လွှာတင်သွင်း သည့် နေ့မှစ၍ ရေတွက် သတ်မှတ်ရမည်။

## ပါတီဝင်မှ နုတ်ထွက်ခြင်း

၁၈။ ပါတီဝင်တစ်ဦးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ပါတီမှ နုတ်ထွက်လိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) ပါတီဝင်တစ်ဦးသည် မိမိဆန္ဒအလျောက် ပါတီမှ နုတ်ထွက် လိုပါကခိုင်လုံသော အကြောင်းပြချက်များဖြင့် သက်ဆိုင်ရာ မြို့နယ်ပါတီကော်မတီမှတဆင့် လျှောက်လွှာတင်ရမည်။

(ခ) ပါတီဝင်တစ်ဦး၏ နုတ်ထွက်စာကို ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အတည်ပြုချက်၊ ဆုံးဖြတ်ချက် ရယူရမည်။

**ပါတီဝင်များအား အရေးယူခြင်း**

၁၉။ ပါတီဝင်တစ်ဦးသည် ပါတီစည်းကမ်းချက်များ၊ ပါတီဗဟိုမှ သတ်မှတ်ပြဋ္ဌာန်း ထားသော ပါတီ စည်းကမ်းများ၊ ညွှန်ကြားချက်များ နှင့် အမိန့်စာများကို ဖောက်ဖျက်ကျူးလွန် သည်ဟု စွပ်စွဲခြင်းခံရလျှင်၊ ပါတီဗဟို အလုပ်အမှုဆောင် ကော်မတီသည်ပါတီဗဟိုကော်မတီဝင်များထဲမှ တစ်ဦးဦးကို အဖွဲ့ခေါင်းဆောင် တာဝန်ပေး ပြီး၊ သက်ဆိုင်ရာ မြို့နယ်ပါတီကော်မတီ မှ (၂)ဦးအား အဖွဲ့ဝင်အဖြစ် အဖွဲ့ ဖွဲ့၍ လေ့လာ စုံစမ်းစစ်ဆေးသုံးသပ် အကြံပြုချက်များကို ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ သို့ စေလျှင်စွာ တင်ပြစေရမည်။

၂၀။ ထိုကဲ့သို့ တင်ပြလာသော အမှုတွဲစာကို ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ က ထပ်မံ စိစစ်သုံးသပ်ပြီး အရေးယူ ဆုံးဖြတ်နိုင်သည်။ ထိုဆုံးဖြတ်ချက်ကို ပါတီဗဟိုကော်မတီမှ်ရာ အနီးကပ်ဆုံး အစည်းအဝေးတွင် အတည်ပြုချက် ရယူရမည်။

**ပါတီစည်းကမ်းအရ အရေးယူခြင်း**

၂၁။ ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီသည် ပါတီဝင်တစ်ဦး၏ ပြစ်မှုဖောက်ဖျက်ကျူးလွန်မှုအတိမ်အနက်ပေါ် မူတည်ပြီး အောက်ပါ ပြစ်ဒဏ်တစ်ရပ်ရပ် ကို ဆုံးဖြတ်အရေးယူနိုင်သည်။

(က) သတိပေးခြင်း

(ခ) ပြင်းထန်စွာ သတိပေးခြင်း

(ဂ) ပြစ်တင်ရှုံ့ချခြင်း

(ဃ) ပါတီဝင်အဖြစ်မှ ကာလသတ်မှတ်၍ ယာယီဆိုင်းငံ့ခြင်း

(င) ပါတီအဖြစ် မှ မိမိဆန္ဒအရ နုတ်ထွက်စေခြင်း
(စ) ပါတီဝင်အဖြစ် မှ ရုပ်သိမ်းခြင်း
(ဆ) ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း

## အခန်း (၅)
## ပါတီဝင်တိုင်း၏ ပိုင်ခွင့်များ

၂၂။ ပါတီဝင်တိုင်းသည် ပါတီတွင်း စည်းလုံးညီညွတ်မှု၊ ကျစ်လျစ်ခိုင်မာရေး၊ စည်းရုံးမှု သွက်လက်ထက်မြက်ရေး နှင့် ရှင်သန်ရေးအတွက် အောက်ပါအတိုင်း ပိုင်ခွင့်များရှိသည် -

(က) ပါတီဝင်တိုင်းသည် သက်ဆိုင်ရာ ပါတီအတွင်း အစည်းအဝေးများတွင် ပွင့်လင်းမြင်သာစွာ ဆွေးနွေး၊ အကြံပေးတင်ပြခွင့်ရှိသည်။

(ခ) ပါတီဝင်တိုင်းသည် သက်ဆိုင်ရာပါတီတွင်းအစည်းအဝေးများနှင့် ပါတီညီလာခံများတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆန္ဒမဲပေးနိုင်ခွင့်၊ ရွေးချယ်တင်မြှောက်နိုင်ခွင့် နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ဂ) ပါတီဝင်တိုင်း သည် မိမိပါဝင်သော ပါတီအဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံ၏ အကျိုးစီးပွား၊ ပါတီ၏ အကျိုးစီးပွားများကို ရှေ့ရှု၍ ပြဿနာအရပ်ရပ်ကို ပါတီကဆုံးဖြတ်ချက်တစ်စုံတစ်ရာမချက်မှတ်မီ မိမိ၏ ထင်မြင်

ယူဆချက်၊ ယုံကြည်ချက်များကို ပွင့်လင်းချေငံစွာ အပြု သဘော ဆွေးနွေးတင်ပြပြောဆိုခွင့်ရှိသည်။

(ဃ) ပါတီဝင်တိုင်းသည် ပါတီ၏ လုပ်ငန်းစဉ်များ အောင်မြင် ပေါက်ရောက်နိုင်ရေးအတွက် ပါတီ၏ ရည်မှန်းချက်၊ အခြေခံ လမ်းစဉ် နှင့် မူဝါဒများအပေါ်တွင် အခြေခံပြီး ဝေဖန် သုံးသပ်ချက်များ၊ လက်တွေ့ အသုံးဝင်သော အကြံ ဉာဏ်များ၊ အဆိုပြုချက်များကို သက်ဆိုင်ရာပါတီအဖွဲ့ အစည်းများမှတဆင့် ပါတီဗဟိုကော်မတီအထိ တင်ပြနိုင်ခွင့် ရှိသည်။

( င) ပါတီဝင်တစ်ဦး သည် ချမှတ်ကျင့်သုံးလျက်ရှိသော ပါတီ၏ မူဝါဒ လုပ်ငန်းစဉ်များ နှင့် ပတ်သက်၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်၊ အကြံပြုရန်ရှိသည်များကို အကျိုးအကြောင်း ခိုင်မာ စွာနှင့် ပါတီဗဟို အလုပ်အမှုဆောင်ကော်မကီသို့ ကင်ပြ နိုင်သည်။

( စ) ပါတီဝင်တိုင်းသည် မိမိ၏ နစ်နာချက်များ၊ မကျေနပ်ချက် များကို သက်ဆိုင်ရာ ပါတီအဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဆ) ပါတီဝင်တိုင်း သည် ပါတီတာဝန် အဆင့်အတန်း၊ အနိမ့် အမြင့် မရွေး ပါတီ၏ ရည်မှန်းချက်၊ အခြေခံ လမ်းစဉ်မူ ဝါဒစည်းမျဉ်းစည်းကမ်းများ နှင့် ဆန့်ကျင်လုပ်ဆောင်ပါက ပါတီအတွင်း စည်းဝေးပွဲ၊ ဆွေးနွေးပွဲများတွင် အပြုသဘော ဖြင့် လွတ်လပ်စွာ ဝေဖန်ပြောဆို အကြံပြုခွင့်ရှိသည်။

(ဇ) ပါတီဝင်တိုင်းသည် ပါတီဝင်တစ်ဦးဦး သို့မဟုတ် ပါတီအဖွဲ့အစည်းတစ်ခုခုက နိုင်ငံ၏ ဥပဒေများကို ဖြစ်စေ၊ ပါတီ၏ စည်းမျဉ်း စည်းကမ်းကိုဖြစ်စေ၊ ကြီးလေးသော ဖြစ်မှုများ ဖောက်ဖျက်ကျူးလွန်သည်ကို တွေ့ရှိပါက ဗဟို အလုပ်အမှုဆောင်ကော်မတီသို့ တိုက်ရိုက်တင်ပြနိုင်ခွင့် ရှိသည်။

(ဈ) ပါတီဝင်တိုင်းသည် ပါတီက ချမှတ်သော လုပ်ငန်းစဉ် တစ်ရပ်ရပ်ကို တစ်စုံတစ်ရာ မရှင်းလင်းပါက သက်ဆိုင် ရာပါတီအဖွဲ့အစည်းအဆင့်ဆင့်သို့ စုံစမ်းမေးမြန်းနိုင်ခွင့် ရှိသည်။

(ည) ပါတီဝင်တိုင်းသည် မိမိအားချီးမြှောက်သော အစည်းအဝေး များနှင့် စုပ်စုံဝေဖန်ဆွေးနွေး၊ ရှုံ့ချသော အစည်းအဝေးများ သို့ ကိုယ်တိုင်တက်ရောက်ခွင့်ရှိသည်။ ဤဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းနှင့်အညီ ရှင်းလင်းတင်ပြ၊ ချေပခွင့်ရှိသည်။

(ဋ) ပါတီဝင်တိုင်းသည် မိမိယုံကြည်သော ဘာသာ၊ သာသနာ ကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်ရှိသည်။

(ဌ) ပါတီဝင်တိုင်း သည် ပေးအပ်သော တာဝန်များကို ကျေပွန် စွာ ထမ်းဆောင်ရမည်။

## အခန်း (၆)
## ပါတီဝင်တိုင်း စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းများ

၂၃။ ပါတီဝင်တိုင်းသည် အောက်တွင် သတ်မှတ် ဖော်ပြထားသော စည်းကမ်းများကို တိကျစွာ စောင့်ထိန်းလိုက်နာရမည် -

(က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို

စောင့်သိရိုသေရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရမည်။

(ဂ) အခြားမည်သည့်ပါတီ ၏ သစ္စာကိုမျှ မခံယူရ။

(ဃ) ပါတီကိစ္စအဝဝတွင် တစ်ဦးတစ်ယောက် ၏ ပုဂ္ဂလိက ဦးဆောင်မှု မဖြစ်စေဘဲ အဖွဲ့အစည်း အမြင်ဖြင့်သာ ဦးဆောင်မှုပေးရမည်။

(င) ပါတီ၏ အခြေခံ မူဝါဒလမ်းစဉ်အပေါ် ခိုင်မာစွာ ရပ်တည်ဆောင်ရွက်ရမည်။

(စ) တရားဝင်ခံစားခွင့် နှင့် မိမိ၏ ကာယ၊ ဉာဏစွမ်းအားမှ တရားသဖြင့် ရရှိအပ်သောဝင်ငွေမှအပ အခြားဝင်ငွေ မရှိစေရ။

(ဆ) တံစိုးလက်ဆောင်၊ လာဘ်ပေးခြင်း နှင့် လာဘ်ယူခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်။ သို့ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ ပေးကမ်းခြင်း နှင့် မသက်ဆိုင်စေရ။

(ဇ) ပါတီ၏ ဂုဏ်သိက္ခာ ညိုးနွမ်းစေရန် နှင့် အများပြည်သူ အကြည်အညို ပျက်စေမည့် အပြောအဆို၊ အမူအကျင့်များကို ရှောင်ကြဉ်ရမည်။

(ဈ) နိုင်ငံတော်၏ လျှို့ဝှက်ချက်များ နှင့် ပါတီ ၏ လျှို့ဝှက်ချက်များကို မပေါက်ကြားစေရန် စောင့်ထိန်းရမည်။

(ည) ပါတီတွင်း အပြန်အလှန် အကြိတ်အနယ် ဆွေးနွေးဆုံးဖြတ်ချက် များကို ပါတီ၏ ခွင့်ပြုချက်မရဘဲ ပါတီပြင်ပသို့ မပေါက်ကြားစေရ။

(ဋ) ပါတီက ဆုံးဖြတ်ပြီးသော ကိစ္စရပ်များတွင် မိမိသဘောထား ဆန္ဒနှင့် မကိုက်ညီ၊ မတိုက်ဆိုင်စေကာမူ ထိုတာဝန်ကို မိမိအား ပေးအပ်လာပါက ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဌ) ပါတီက အပ်နှင်းသည့် လုပ်ပိုင်ခွင့် နှင့် တာဝန်များကိုသာ ဆောင်ရွက်ရမည်။ အကျုံးမဝင်သည့် အချက်များကို သက်ဆိုင်ရာသို့ တင်ပြလမ်းညွှန် အဆုံးအဖြတ် ရယူရန် အချိန်မရရှိပါက နိုင်ငံတော်၏ အကျိုး၊ ပါတီ အကျိုးမဆုတ်ယုတ်စေဘဲ ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းကြံဆ၍ ဖြေရှင်းဆောင်ရွက်သွားရမည်။ ယင်းသို့ ဆောင်ရွက်ခဲ့သည့် အကျိုးအကြောင်း အပြည့်အစုံ ပို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းသို့ အစီရင်ခံရမည်။

(ဍ) ပါတီဝင်တစ်ဦးဦး၏ အားနည်းချက်၊ ချွတ်ယွင်းချက်အမှားများကို ပြုပြင်လာစေရန် ရဲဘော်ရဲဘက် သဘောထားဖြင့် အပြုသဘော ထောက်ပြကူညီ ယိုင်းပင်းရမည်။

(ဎ) ပါတီဝင် တစ်ဦးနစ်နာစေရန် မဟုတ်မမှန် စွပ်စွဲ၊ ပြောဆိုလုပ်ကြံခြင်း မပြုရ။ ပြစ်မှုထင်ရှားပါက ပါတီစည်းကမ်းအရ ထိရောက်စွာ အရေးယူရမည်။

(ဏ) ပါတီဝင်တစ်ဦးသည်ကြီးလေးသောပြစ်မှုကို ကျူးလွန်ကြောင်း တွေ့မြင်သိရှိပါက သက်ဆိုင်ရာ ပါတီအဖွဲ့အစည်း

သို့ဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ ဖြစ်စေ ချက်ချင်း တိုင်ကြားရမည်။

(တ) ပါတီကြံ့ခိုင်ရေး နှင့် စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြား စေမည့် အကြောင်းကိစ္စ မှန်သမျှ ကို ရှောင်ကြဉ်ရမည်။

(ထ) ပါတီနှင့် နိုင်ငံတော်ကို ထိခိုက်နစ်နာစေမည့် နိုင်ငံရေး ပါတီလှုပ်ရှားမှုများကို လုံးဝ ရှောင်ကြဉ်ရမည်။

(ဒ) သက်ဆိုင်ရာပါတီ ၏ အစည်းအဝေးသို့ ခွင့်မပန်ဘဲ ပျက်ကွက်ခြင်း မရှိစေရ။

(ဓ) ပါတီ လစဉ်ကြေး၊ ဝင်ကြေးများကို ပါတီတာဝန်တစ်ရပ် အနေဖြင့် မပျက်မကွက် ထမ်းဆောင်ရမည်။

(န) ဒီမိုကရေစီ ကျင့်စဉ် နှင့်အညီ အများသဘောတူ ဆုံးဖြတ် ချက်ကို တိကျစွာ လိုက်နာကျင့်သုံး လေးစားရမည်။ အနည်း စု၏ ဆန္ဒကိုလည်း အလေးဂရုပြုရမည်။

(ပ) စုပေါင်း ဦးဆောင်မှု၊ စုပေါင်းညှိနှိုင်းမှု နှင့် စုပေါင်း ဆုံးဖြတ် ချက်အရ လိုက်နာဆောင်ရွက်ရမည်။

(ဖ) နိုင်ငံတော်၏ ဥပဒေများ နှင့် ပါတီစည်းမျဉ်းစည်းကမ်းများ ကို တိကျမှန်ကန်စွာ လိုက်နာနိုင်အောင် အမြဲသတိရှိနေရ မည်။

(ဗ) မိမိကိုယ်ကို ကောင်းအောင် အမြဲတမ်း ဝေဖန်ဆန်းစစ်မှု ဖြင့် ပြုပြင်ရမည်။ အမှားကို ဝန်ခံရဲပြီး အမှန်တရားကို လုပ်ရဲသော သတ္တိမွေးရမည်။

(မ) အရာရာကို စိတ်ရင်းကောင်းဖြင့် ရိုးသားစွာ ရှုမြင်တွေးတောမြော်မြင်တတ်ရမည်။

(ယ) ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ ဘာသာစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲ၊ စိတ်ဓာတ်ကင်းရှင်းရမည်။

(ရ) ပါတီဝင် အချင်းချင်း အပြန်အလှန် လေးစားမှု၊ ကူညီယိုင်းပင်းမှု၊ အားပေးမှု၊ ယုံကြည်မှု၊ အားကိုးမှု ထားရှိရမည်။

(လ) ပါတီဝင် အချင်းချင်း နှင့် ပါတီအတွင်းတွင် အကြောင်းတစ်စုံတစ်ရာကြောင့် မကျေလည်သော ကိစ္စရပ်များပေါ်ပေါက်လာပါက အသိနှင့် ယှဉ်၍ စိတ်ရှည်ပွင့်လင်းစွာ ညှိနှိုင်းဖော်ထုတ်ပြီး အပြုသဘောဖြင့် အဖြေရှာ ဆောင်ရွက်သွားရမည်။

(ဝ) ပါတီဝင်တိုင်းသည် လုပ်သားပြည်သူများအပေါ် အခွင့်ထူးခံလူတန်းစား တစ်ရပ် ဖြစ်မလာစေရန် အမြဲသတိထားရမည်။

(သ) ပါတီဝင်တိုင်းသည် ပြည်သူများ၏ အကျိုးစီးပွားများကို အမြဲတမ်း ဦးထိပ်ပန်ဆင်ထားရမည်။

(ဟ) ပါတီဝင်တိုင်းသည် မိမိတို့၏ အရေး နှင့် ပါတီ၏ အရေးယှဉ်လာပါက ပါတီ၏ အရေးကို ဦးစားပေးပြီး ပါတီ၏အရေး နှင့် နိုင်ငံတော်၏ အရေးယှဉ်လာပါက နိုင်ငံတော်၏ အရေးကို ဦးစားပေး ဆောင်ရွက်ရမည်။

(ဠ) ပါတီမှ ချမှတ်ပြဋ္ဌာန်းထားသော အခြေခံမူဝါဒလမ်းစဉ်ကို သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ၊ တိုက်ရိုက်နည်းဖြင့်ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။